# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ အစိုးရမဟုတ်သော ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများဆိုင်ရာကော်မတီအားတွေ့ဆုံ

နေပြည်တော်- ဇူလိုင် ၂၁

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌဦးခင်ရီသည် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် လွှတ်တော်ရေးရာ ဆောင်(I-12)ရှိ အစိုးရမဟုတ်သော ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများဆိုင်ရာကော်မတီဝင်များအား သွားရောက်တွေ့ဆုံခဲ့သည်။

ဦးစွာ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များက တစ်ဦးချင်းမိတ်ဆက်၍ အစိုးရမဟုတ်သော ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးသက်ပုံ က ကော်မတီ၏ လုပ်ငန်းတာဝန်များ၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများနှင့် အစီအမံများအား ရှင်းလင်းတင်ပြပါသည်။

၎င်းနောက် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက မိမိအနေဖြင့် လွှတ်တော်အခွင့်အရေးကော်မတီဥက္ကဋ္ဌနှင့် လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ဥက္ကဋ္ဌ တာဝန်များကို ထမ်းဆောင်လျှက်ရှိပါကြောင်း၊ လွှတ်တော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာ ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး ကြိုးစားလုပ်ဆောင်လျှက်ရှိပါကြောင်း၊ လွှတ်တော်၏ဂုဏ်သိက္ခာမြင့်မားရေးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ စွမ်းရည်မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပြည်တွင်းရှိအဖွဲ့အစည်းများနှင့်ချိတ်ဆက်ဆောင်ရွက်နိုင်ရေး လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်းပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မိမိတို့လွှတ်တော်ကိုယ်စားလှယ်များသည် လွတ်လပ်ပြီးတရားမျှတသောရွေးကောက်ပွဲတွင် ပြည်သူများက အခက်အခဲပေါင်းများစွာထဲမှ ၎င်းတို့၏ဆန္ဒအမှန်ကိုဖော်ထုတ်ပြီး ရဲရဲဝံ့ဝံ့ဆန္ဒမဲပေး ရွေးကောက်တင်မြှောက်လိုက်ခြင်းကြောင့် ပြည်သူ့ကိုယ်စားလှယ်များဖြစ်လာခဲ့ခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်သူ့ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် လွှတ်တော်သည် ဒီမိုကရေစီ၏ခြေလှမ်းအစပင်ဖြစ်ပါကြောင်း၊ မိမိတို့ လွှတ်တော်တွင် အစိုးရ၏ဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရန်အတွက် ကော်မတီ(၂၂)ခုကိုဖွဲ့စည်းထားပါကြောင်း၊ အဆိုပါကော်မတီများ၏ဆောင်ရွက်ချက်များသည် လွှတ်တော်၏ဂုဏ်သိက္ခာနှင့်ထပ်တူကျ၍ အရေးကြီးပါကြောင်း၊ ထို့ပြင်ကော်မတီများသည် လွှတ်တော်၏ ပင်မဒေါက်တိုင်များဖြစ်၍ ကော်မတီ၏ လုပ်ငန်းတာဝန်များနှင့်ပတ်သက်၍ လိုအပ်ချက်များကို ပြန်လည်ဖြည့်စွက်ရမည်ဖြစ်ပါကြောင်း၊ ကော်မတီအနေဖြင့်လည်း မိမိတို့၏ ရည်မှန်းချက်တာဝန်များအလိုက် နိုင်ငံတော်အတွက် ပြည်သူ့အတွက် အကျိုးရှိမည့် မေးခွန်း၊ အဆိုများ ထွက်ပေါ်စေရေးဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် အစိုးရမဟုတ်သောအဖွဲ့အစည်းများ(NGO) (၃၆၆၆) ခုနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအသင်းအဖွဲ့များ (INGO) (၄၅) ခု ရှိသည်ကို တွေ့ရှိရပါကြောင်း၊ NGO၊ INGO များသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူသားချင်းစာနာထောက်ထားရေး၊ စားရေရိက္ခာဖြည့်ဆည်းဆောင်ရွက်ရေးအတွက် နိုင်ငံတော်ကို တစ်ဖက်တစ်လမ်းမှ ကူညီပေးနေသော အဖွဲ့အစည်းများဖြစ်ပါကြောင်း၊ မိမိတို့လွှတ်တော်အနေဖြင့် အဆိုပါအဖွဲ့အစည်းများ၏ လုပ်ဆောင်ချက်များကို ဥပဒေရှုဒေါင့်မှ သုံးသပ်ပြီး နိုင်ငံတော်အတွက် အကျိုးရှိရှိဆောင်ရွက်နိုင်ရေး စီမံပေးရမည်ဖြစ်ပါကြောင်း၊ NGO၊ INGOများနှင့်စပ်လျဉ်း၍ သီးခြားဥပဒေများပြဋ္ဌာန်းထားခြင်းမရှိသဖြင့် NGO/ INGO Management Law၊

Foreign Assistance Transparency Law၊ Volunteer Service Law၊ Data Protection Law၊ Public Benefit Organization Law၊ Humanitarian Coordination Law များပြဋ္ဌာန်းသင့်/မသင့် ဆွေးနွေးဆောင်ရွက်ကြစေလိုကြောင်း၊ အဖွဲ့အစည်းများနှင့်ပတ်သက်သည့် တည်ဆဲဥပဒေများကိုလည်း ပြန်လည်ဆန်းစစ်၍ လက်ရှိအခြေအနေနှင့် ကိုက်ညီမှုရှိမရှိ၊ လိုအပ်ချက်များ ရှိမရှိ၊ ထပ်မံဖြည့်စွက်ရန် လို မလို တို့အား လေ့လာသုံးသပ် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ကော်မတီအနေဖြင့် မြန်မာနိုင်ငံတွင်မှတ်ပုံတင်ထားသော NGO၊ INGOများ၏ အရေအတွက်များစိစစ်ခြင်း၊ မှတ်ပုံတင်ဆောင်ရွက်ထားမှုအခြေအနေများ၊ အဖွဲ့အစည်းများ၏ရည်ရွယ်ချက်၊ လုပ်ငန်းနယ်ပယ်အလိုက် အမှန်တကယ် လုပ်ဆောင်နိုင်ခြင်းရှိမရှိနှင့် ရန်ပုံငွေသုံးစွဲမှု၊ ရန်ပုံငွေရရှိမှုအရင်းအမြစ်များ၊ ငွေကြေးစီးဆင်းမှုကိစ္စရပ်များနှင့်ပတ်သက်၍ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းစိစစ်ခြင်းများ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ကော်မတီအနေဖြင့် NGO/INGO များအား တွေ့ဆုံဆွေးနွေးပြီး ၎င်းတို့၏ အခက်အခဲများနှင့် လိုအပ်ချက်များကို လွှတ်တော်တွင် မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်းဖြင့် ပေါင်းစပ်ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံတော်နှင့် ပြည်သူများအတွက် လိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ ကူညီပေးနိုင်သည့် အဖွဲ့အစည်းများဖြစ်ပေါ်လာရေး ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့တာဝန်ထမ်းဆောင်မည့် လွှတ်တော်သက်တမ်း (၅)နှစ်တာကာလအတွင်းတွင် လွှတ်တော်ကဏ္ဍမြင့်မားတိုးတက်ပြီး လွှတ်တော်သည် နိုင်ငံတော်နှင့် ပြည်သူများမှအားထားရသည့် လွှတ်တော်တစ်ရပ်ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များအား တစ်ဦးချင်း ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။ **(သတင်းစဉ်)**